ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နွားထိုးကြီးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)


ဖောင်ချဉ်းမြောက်ကျေးရွာ၊စည်သာကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် နွားထိုးကြီးမြို့နယ်


# မာတိကာ စာမျက်နှာ


| | | |
|---|---|---|
| ၁။ | မြို့နယ်မြေပုံ | ၁ |
| ၂။ | ကျေးရွာမြေပုံ(တည်နေရာ) | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၂ |
| ၄။ | ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း) | ၃ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၄ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ | ၆ |
| ၇။ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ | ၂၅ |
| ၈။ | ကျေးရွာအချက်အလက်(ပုံစံ-၁) | ၂၆ |
| ၉။ | စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂) | ၂၉ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၃၀ |
| ၁၁။ | အစည်းအဝေးမှတ်တမ်းများ | ၃၂ |
| ၁၂။ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၇ |
| ၁၃။ | ကျေးရွာဖွံ့ဖြိုးရေးစီမံချက် အရည်အသွေးထိန်းချုပ်မှု (Checklist For VDP) | ၃၈ |

# ၁။ နွားထိုးကြီး မြို့နယ်မြေပုံ



## ၂။ ကျေးရွာမြေပုံ (တည်နေရာ)



ကျေးရွာတည်နေရာ- လတ္တီတွဒ် 21.58   လောင်တီတွဒ် 95.65

## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | အိမ်ထောင်စု | (ကျား)စုစုပေါင်း | (မ)စုစုပေါင်း | လူမျိုးစုများ |
|---|---|---|---|---|---|---|
| ၁ | စည်သာကျေးရွာအုပ်စု | ဖောင်ချိုင်းတောင် | ၃၃၀ | ၇၂၂ | ၇၄၇ | ဗမာ |
| ၂ | | ဖောင်ချိုင်းမြောက် | ၁၆၀ | ၃၈၂ | ၃၉၃ | ဗမာ |
| ၃ | | စည်သာ | ၄၃ | ၁၁၃ | ၁၂၅ | ဗမာ |

# ၄။ ကျေးရွာအခြေခံအချက်အလက်များ( ကျေးရွာသမိုင်းကြောင်း)

ဖောင်ချဉ်းမြောက်ကျေးရွာသမိုင်း

ကျေးရွာသမိုင်းဟုဆိုရာ၌ရှေးလူကြီးသူမတို့၏ ဆိုစကားနှင့် ပရပိုက်စာပေ၊ ကျောက်စာတိုင် စေတီပုထိုးတို့အား ထောက်ရှု့ခြင်းအားဖြင့် ဖောင်ချဉ်းကျေးရွာသည် အလွန်ရှေးကြသော ရွာကြီး တစ်ရွာဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုရသော် AD ၈ ရာစုခန့်က ပုထိုးတော် AD ၁၀ ရာစုခန့်က ကျောက်စာတိုင်များ၊ အလွန်ရှေးကြသော ရှေးဟောင်းဘုန်းတော်ကြီးများအား ထောက်ရှု့ခြင်းဖြင့် သိနိုင်ပါသည်။

ရှေးလူကြီးသူမတို့၏ ဆိုရိုးစကားအရ မဏိစည်သူမင်းကြီး ဖောင်တော်ဖြင့် တိုင်းခန်း လှည့်လည်ရာ ခတ္တာဖေါင်တော်ချဉ်းကပ်စံပယ်သောနေရာဖြစ်သောကြောင့် ဖေါင်ချဉ်း ဟု အမည် နာမခေါ်တွင်စေ၍ ရွာကလေးတစ်ရွာ စတင်တည်ထားခဲ့ပါသည်။ ဖေါင်ချဉ်းကျေးရွာအနီးတွင် ဖေါင်ချဉ်းချောင်းကိုလည်း ယနေ့ထက်တိုင် မြင်တွေ့နေရဆဲဖြစ်ပါသည်။

ထို့နောက် ကျစွာရှင် မင်းတရားလက်ထက်တွင် ဖေါင်ချဉ်းချောင်း၏ မြောက်ဘက်တွင် ကျစွာရှင် ဘုရားနှင့် ဖေါင်ချဉ်းချောင်း၏ တောင်ဘက်တွင် ဘုရားကိုးဆူ တည်ထားခဲ့ပါသည်။ ဗုဒ္ဓသာသနာတော်ဖြန့်ကျက်ရာမှ ဘုရားအားဆက်လက်ပြုပြင်ထိန်းသိမ်းရန်နှင့် သာသနာတော် ဆက်လက်တည်တံ့ခိုင်မြဲရေးအတွက် ကိုးဆူကုန်းရွာကလေးတည်ထားခဲ့သည်။ ကိုးဆူကုန်းရွာမှာ ယခုအခါဖေါင်ချဉ်းတောင်ဟူ၍၄င်း ယခင်ဖေါင်ချဉ်းကျေးရွာမှာ ဖေါင်ချဉ်းမြောက်ဟူ၍၄င်း နှစ်ရွာ တစ်ရွာ ပေါင်းစည်းနေထိုင်လာကြသည်မှာယနေ့ထက်တိုင်ပင်ဖြစ်ပါသည်။

မိုးခေါင်ရေရှား အပူပိုင်းဒေသတွင်နေထိုင်သူများဖြစ်၍ မိရိုးဖလာ လယ်ယာတောင်သူ လုပ်ငန်းဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်ကြပါသည်။ ယခင်ဆယ်အိမ်စုကလေးများမှ ယခုအခါ ရာအိမ်စုအထိအဆင့်ဆင့်တိုးတက်ပြောင်းလဲလာပြီး ပညာရေးမှာလည်း ယခင် ပြည်တော်သာကျောင်းအဆင့်မှ ယခုအခါ အခြေခံပညာ အလယ်တန်းကျောင်းအထိအဆင့်ဆင့် တိုးတက်ပြောင်းလဲလာပြီဖြစ်ပါသည်။ သို့သော်မြို့ပြနှင့် ဝေးကွာသော ရွာကလေးတစ်ရွာဖြစ်သည် နှင့်အညီ ကျေးရွာတစ်ရွာ၏ လိုအပ်သော အခြေခံအဆောက်အဦးများစွာ လိုအပ်နေပါသေးသည

# ၅။ (က)လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်း

ဖောင်ချဦးမြောက်ကျေးရွာအတွင်းရှိအိမ်ထောင်စုအများစုသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျပန်းလုပ်ငန်း (ပန်းရံ) လုပ်ငန်းများအားအဓိကထားအသက်မွေးကြကြောင်းတွေ့ရှိရပါသည်။ မြို့နှင့် အခြားကျေးရွာများသို့ အဓိက ထားဆက်သွယ်သောလမ်းများမှာမိုးရာသီတွင် သွားလာရခက်ခဲ နေသည်ကိုတွေ့ရှိရပါသည်။ မိုးခေါင်ရေရှားမှုများ နှစ်စဉ် ကြုံလာရပြီးစိုက်ပျိုးသီးနှံများ ဖြစ်ထွန်းမှုနည်းပါး လာနေသည်ကိုတွေ့ရှိရပါသည်။

အခြားသောရာသီများတွင် ယာလုပ်ငန်းခွင်များဝင်ရောက်လုပ်ကိုင်နေကြရသောကြောင့် တပို့တွဲ၊ တပေါင်း၊တန်ခူးလများတွင် စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်လျှင် ကျေးရွာလူထု ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်မည်ကိုတွေ့ရှိရပါသည်။ ကျေးရွာအတွင်းလုပ်ငန်းခွင်များတွင်အမျိုးသား များသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိနေသည်ကိုတွေ့ရပါသည်။ ကျေးရွာအတွင်း အိမ်ထောင်စုများတွင်အလယ်အလတ်တန်းအဆင့်အိမ်ထောင်စုပိုမိုများပြားသည်ကိုတွေ့ရပါသည်။လူထုဗ ဟိုပြုစီမံကိန်း လုပ်ငန်းတွင်ကျေးရွာသားများပါဝင်ဆောင်ရွက်ရလျှင် ကျေးရွာအတွင်းရှိဆင်းရဲသော အိမ်ထောင်စုများအတွက် ဝင်ငွေအခွင့်အလမ်းတိုးတက်ရရှိမည်ဖြစ်ပါသည်။


ကျေးရွာ၏ဖွံ့ဖြိုးရေးနှင့်အခြားအရေးကိစ္စရပ်အတော်များများတွင် အမျိုးသားများကအမျိုးသမီးများ ထက် ဦးဆောင်မှုတွင် ပိုမိုပါဝင်ဆောင်ရွက်နေကြသည်ကိုသာတွေ့ရှိရပြီး အမျိုးသမီးများသည် မိမိကိုယ်ကိုယုံကြည် စိတ်အားနည်းကာ မှီခိုသောအကျင့်များနေသည်ကိုတွေ့ရှိရပါသည်။ သို့ဖြစ်ပါ သဖြင့်အမျိုးသမီးများကိုလည်း ကျေးရွာ၏ ဖွံ့ဖြိုးရေးများတွင် ပူးပေါင်းပါဝင်ဆုံးဖြတ်တတ်သော အလေ့အကျင့်နှင့်လုပ်ကိုင်ခွင့် ပိုမိုရရှိအောင် ကူညီပံ့ပိုးသင့်ပါသည်။ ကျေးရွာအတွင်း ကျေးရွာဖွံ့ဖြိုးရေး အတွက်လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့အစည်းအတော် များများရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာအဖွဲ့အစည်းများသည် အချို့သောကျေးရွာပြင်ပဖွံ့ဖြိုးရေးအဖွဲ့ အစည်းများဖြင့် ချိတ်ဆက် ဆောင်ရွက်နေသည်ကိုလည်းတွေ့ရှိရပြီးကျေးရွာအတွင်းအဖွဲ့အစည်းအချင်းချင်းမှာလည်း ချိတ်ဆက်မှု အားကောင်းသည်ကိုလည်းတွေ့ရှိရပါသည်။

# (ခ)အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PRA/PSA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ ( Social Map / Resource Map) | ၉.၁၁.၁၇ | ရွာလူထု | ၇ | ၈ | ၁၅ | ကျေးရွာနယ်နိမိတ်အတွင်းရှိ အိမ်ခြေအဆောက်အဦ၊ဘုရားပုထိုးများစသောကျေးရွာ၏လက်ရှိအခြေအနေနှင့်လယ်မြေ၊စိုက်ခင်း၊ပိုင်ဆိုင်မှုပြအခြေအနေများကိုရေးဆွဲဖော်ထုတ်ခဲ့သည်။ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် ( Seasonal Calender) | ၉.၁၁.၁၇ | ရွာလူထု | ၇ | ၈ | ၁၅ | ကျေးရွာရှိရွာသူရွာသားများ၏ ရာသီအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိုက်ပျိုးချိန်ရိတ်သိမ်းချိန်၊ တိရိစ္ဆာန်များရောဂါဖြစ်ပွားမှု၊ သီးနှံများပိုးမွှားကျရောက်မှု၊ ရာသီပွဲတော်များ၊ ကျေးရွာမှ လူများဝင်ငွေရရှိမှုအခြေအနေများကိုကျေးရွာမှ လူများပါဝင်ဆွေးနွေး ရေးဆွဲကြသည်။ |
| ၃ | ကျေးရွာ၏ဦးစားပေးအစီအစဉ်ပြဇယား (Metric Ranking) | ၉.၁၁.၁၇ | ရွာလူထု | ၉ | ၁၁ | ၂၀ | ကျေးရွာသူကျေးရွာသားများ၏ ကျေးရွာအတွက် အဓိကလို အပ်သောစီမံကိန်းလုပ်ငန်းခွဲများကိုညှိနှိုင်းတိုင်ပင်ရေးဆွဲခဲ့ကြသည်။ |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၉.၁၁.၁၇ | ရွာလူထု | ၈ | ၉ | ၁၇ | ကျေးရွာအတွင်းတွင်ရှိနေသောလူမှုအဖွဲ့အစည်းများ နှင့် ကျေးရွာလူထုအကြား ချိတ်ဆက်နေမှုကိုထင်သာမြင်သာရှိအောင် ဖော်ဆောင်နိုင်ခဲ့သည်။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၉.၁၁.၁၇ | ရွာလူထု | ၆ | ၇ | ၁၃ | အမျိုးသားနှင့်အမျိုးသမီးများအကြားအလုပ်အကိုင်အခွင့်အလမ်း၊တန်းတူအခွင့် အရေး၊ ပညာသင်ကြား နိုင်မှု၊ ဘ၀လုံခြုံမှု စသည့်အခြေအခြေအနေအရပ်ရပ်ကိုဆွေးနွေးခဲ့ကြသည်။ |
| ၆ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း ( Wealth Ranking) | ၉.၁၁.၁၇ | ရွာလူထု | ၁၀ | ၁၀ | ၂၀ | ကျေးရွာအတွင်းရှိ လူများအကြား၊ငွေကြေး၊ပစ္စည်းဥစ္စာ၊နေအင်အားပိုင်ဆိုင်မှုအဆင့်ခွဲခြားပြသခြင်းဖြင့် ကျေးရွာအတွက် လိုအပ်မည့်ဝင်ငွေရရှိရေးအစီအစဉ်များကို ထည့်သွင်းစဉ်းစားနိုင်ရန် စဉ်းစားခဲ့ကြသည်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(က) ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ



# လူမှုရေးအရင်းအပြစ်ပြမြေပုံဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။ ဖောင်ချဉ်း(မြောက်) ရက်စွဲ။ ။၉. ၁၁. ၁၇

ဖောင်ချဉ်းမြောက်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ အဓိကထားစိုက်ပျိုး၍ ကုလားပဲ၊ ဂျုံ၊ ပြောင်းတို့အားအနည်းငယ်စိုက်ပျိုး ကြပါသည်။

လွန်ခဲ့သော (၅)နှစ် ထက်စာလျှင် မြေယာပိုင်ဆိုင်မှု လျော့နည်းခြင်း၊ ရေအရင်းအမြစ်လျော့နည်းခြင်း၊ ဝင်ငွေလျော့နည်းခြင်းတို့ ဖြစ်လာပါသည်။


ရွာမှအခြားဒေသသို့သွားရောက်ဒေသသို့သွားရောက်လုပ်ကိုင်သူများပြားပြီးသီးခြားနေထိုင်သောအဖွဲ့အစည်းများမရှိပါ။

ကျေးရွာဖွံ့ဖြိုးတိုးတက်လာစေရန် မျှော်မှန်းချက်များမှာ အိမ်တိုင်းစေ့ လျှပ်စစ်မီးရရန်၊ မူလတန်း ကျောင်းမှ အလယ်တန်းကျောင်းသို့ ပညာရေး တိုးမြှင့်လာစေရန်၊ ကျေးရွာတွင်းမှ ကားလမ်းသို့ လမ်းကောင်း မွန်လာစေရန် မျှော်လင့်ပါသည်။

## ကျေးရွာသူ၊ ကျေးရွာသားများကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံရေးဆွဲနေစဉ်



# (၁) ရာသီခွင်ပြပြက္ခဒိန်



# ရာသီခွင်ပြပြက္ခဒိန်ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။ ဖောင်ချဉ်း(မြောက်) ရက်စွဲ။ ။၉. ၁၁. ၁၇

ပြက္ခဒိန်တွင် ရာသီဥတုအခြေအနေ၊ စိုက်ပျိုးသီးနှံ၊ ရာသီပွဲတော်၊ ဝင်ငွေရရှိမှု၊ အစားအစာဖူလုံမှု၊ သောက်သုံးရေရရှိမှု၊ ကျန်းမာရေးအခြေအနေ၊ သဘာဝဘေးအန္တရာယ်တို့ပါရှိပါသည်။

ဖောင်ချဉ်း(မြောက်) ကျေးရွာတွင် အဓိက စိုက်ပျိုးသီးနှံများမှာ နှမ်း၊မြေပဲ၊နေကြာနှင့်ပဲပျိုးစုံတို့ စိုက်ပျိုးကြပါသည်။

သောက်သုံးရေရရှိမှုမှာ နွေရာသီတွင် ရေနည်းပါး၍ သောက်သုံးရေနည်းပါးပါသည်။ ကျန်သောရာသီများတွင်သောက်သုံးရေလုံလုံလောက်လောက်ရရှိပါသည်။သို့သော်ကျေးရွာတွင်းမှာရေချိုမရရှိသဖြင့်ဝေးလံသော တောထဲသို့သောက်သုံးရေသွားရောက်ခပ်ယူကြရပါသည်။

ရာသီပွဲတော်များမှာ ရာသီအလိုက် ဘုရားပွဲဘာသာရေးပွဲများကျင်းပကြပါသည်။ သီတင်းကျွတ်လဆန်း(၁၄)ရက်၊ (၁၅)ရက်နှင့် လပြည့်ကျော်(၁)ရက်နေ့များတွင် ကျစ္စာရှင်ဘုရားပွဲနှင့် ဘိုးတော်ကြီးနတ်ပွဲကို ဖောင်ချဉ်း(၂၄)ရွာမှ စည်ကားသိုက်မြိုက်စွာကျင်းပကြပါသည်။

ဝင်ငွေရရှိမှုမှာ သီနှံပေါ်ချိန်တွင် ဝင်ငွေအသင့်အတင့်ရှိ၍ သီးနှံမရှိချိန်တွင်ငွေလုံလောက်မှုမရှိသော အခါသီးနှံကြိုရောင်းခြင်း၊ ငွေတိုးချေးခြင်း၊ ရွှေပေါင်ခြင်း၊ အခြားအရပ်သို့သွားရောက်လုပ်ကိုင်ကြခြင်း၊ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်ကြခြင်းဖြင့်အသက်မွေးဝမ်းကြောင်း လုပ်ကိုင်ကြပါသည်။

ကျန်းမာရေးအခြေအနေတို့မှာရာသီအကူးအပြောင်းအချိန်တွင်သက်ကြီးရွယ်အိုနှင့်ကလေးသူငယ်များ နာမကျန်းဖြစ်တတ်ကြပါသည်။

ဖောင်ချဉ်းမြောက်ကျေးရွာတွင် ကြီးကြီးမားမား သဘာဝဘေးအန္တရာယ်ကျရောက်ဖြင်းမျိုးမဖြစ်ဖူးပါ။

## ကျေးရွာသူ၊ ကျေးရွာသားများရာသီခွင်ပြပြက္ခဒိန်ရေးဆွဲနေပုံ



# (ဂ) ဥစ္စာဓနပိုင်ဆိုင်မှုပြဇယား

ကျေးရွာ။ ။ဖောင်ချဉ်းမြောက် ရက်စွဲ။ ။၉.၁၁.၂၀၁၇

| စဉ် | အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ချမ်းသာ | တိုက်အိမ်၊နွား(၁၀)ကောင်၊နွားစာစဉ်းစက် လယ်မြေ(၂၀)ကေအောက်ပိုင်ဆိုင် | ၅ | ၃.၁၂% |
| ၂ | အလယ်အလတ် | သွပ်မိုးထရံကာအိမ်၊နွား(၅)ကောင်၊လှည်း လယ်မြေ(၃-၅)ကေဂန်းကျင်ပိုင်ဆိုင် | ၂၀ | ၁၂.၅% |
| ၃ | ဆင်းရဲ | သွပ်မိုးထရံကာအိမ်၊ နွား(၂)ကောင်၊ လှည်း၊သိုး၊ဆိတ်၊မြေယာ၁-၂ကေပိုင်ဆိုင် | ၉၀ | ၅၆.၂၅% |
| ၄ | အလွန်ဆင်းရဲ | ဝါးအိမ် လက်လုပ်လက်စား၊မြေယာမရှိ | ၄၅ | ၂၈.၁၃% |
|  | စုစုပေါင်း |  | ၁၆၀ | ၁၀၀% |

# ဥစ္စာကြွယ်ဝမှုသုံးသပ်ချက်ဇယားဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။ ဖောင်ချဉ်း(မြောက်) ရက်စွဲ။ ။၉. ၁၁. ၁၇

ဖောင်ချဉ်းမြောက်ကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စုမှာ (၁၆၀) အိမ်ထောင်စုရှိပါသည်။ ကျေးရွာတွင် ချမ်းသာသောအိမ်ထောင်စုမှာ (၅)အိမ်ထောင်စုခန့်ရှိပါသည်။ အလယ်အလတ်အိမ်ထောင်စုမှာ (၂၀)အိမ်ထောင်စုခန့်ရှိပါသည်။ဆင်းရဲသောအိမ်ထောင်စုမှာ (၉၀)အိမ်ထောင်စုခန့်ရှိပါသည်။အလွန်ဆင်းရဲသောအိမ်ထောင်စုမှာ (၄၅)အိမ်ထောင်စု ခန့်ရှိပါသည်။


ဆင်းရဲသောအိမ်ထောင်စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ ကျေးရွာ၏ထက်ဝက်ကျော် ခန့်ရှိပါသည်။ ဆင်းရဲရခြင်းအကြောင်းမှာ ဝင်ငွေရရှိမှုနည်းပါးခြင်း၊ မိုးခေါင်ခြင်း၊ မိုးကောင်းရေသောက် လယ်မြေများပြားခြင်း၊ သီးနှံအထွက်နှုန်းလျော့နည်း၍ သီးနှံဈေးမကောင်းခြင်း တို့အဓိကပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သည့်အခါဆောက်လုပ်ရေး လုပ်ငန်းများတွင်ကျေးရွာအတွင်းမှာ ကျွမ်းကျင်လုပ်သားများနှင့်နေ့စားလုပ်သားများအသုံးပြုခြင်း အမျိုးသမီးများအား ဝင်ရောက်လုပ်ကိုင်စေ၍ လုပ်ခလစာတန်းတူရရှိစေခြင်းတို့ လုပ်ဆောင်သင့်ပါသည်။

ကျေးရွာသူ၊ ကျေးရွာသားများဥစ္စာဓနကြွယ်မှုပြဇယားရေးဆွဲနေပုံ



(ဃ)ပင့်ကူအိမ်သုံးသပ်ချက်ပြဇယား



# ပင့်ကူအိမ်သုံးသပ်ခြင်းဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။ ဖောင်ချဉ်း(မြောက်) ရက်စွဲ။ ။၉. ၁၁. ၁၇

အိမ်မှုကိစ္စနှင့် ပညာရေးမှအပ အခြားအကြောင်းအရာတိုင်းလိုလိုတွင် အမျိုးသမီးများဘက်မှ အားနည်းနေပါသေးသည်။

အမျိုးသားများက လွှမ်းမိုးမှုများပြီး အမျိုးသမီးများမှ နေရာတိုင်းလိုလိုတွင် စွမ်းဆောင်မှုလျော့နည်း နေပါသည်။

အမျိုးသမီးများကိုလည်း အဖွဲ့အစည်းများတွင် ဦးဆောင်မှုနေရာပေးသင့်ပါသည်။ အမျိုးသမီးများမှလည်း မှီခိုလိုစိတ်ကင်းရန်လိုအပ်ပါသည်။

အမျိုးသား၊အမျိုးသမီးများ၏ ကွာခြားချက်များမှာ အမျိုးသားများက ဦးဆောင်မှုတွေများနေပြီး အမျိုးသမီးများကမှီခိုနေခြင်းကြောင့်ဖြစ်ပါသည်။

ကွာခြားချက်များမှာ ထုံးတမ်းအစဉ်အလာရ၊အမျိုးသမီးတွေက မိမိကိုယ်ကိုယုံကြည်မှုနည်းနေသော ကြောင့်ဖြစ်ပါသည်။

အမျိုးသမီးတွေရဲ့ စွမ်းဆောင်ရည်တိုးတက်လာစေရန် ပြုလုပ်ပေးခြင်းဖြင့် ကွာဟချက်တွေလျော့နည်း လာစေပါမည်။

စီမံကိန်းလုပ်ငန်းတွေမှာ အမျိုးသမီးတွေတင်ပြသော လုပ်ငန်းများကို အကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းလုပ်ဆောင်ရာတွင် အမျိုးသမီးများကို လုပ်ခလစာတူညီစွာပေးခြင်းဖြင့် အမျိုးသမီးတွေကို စွမ်းဆောင်ရည်မြင့်မားလာစေပါမည်။

စီမံကိန်းလုပ်ငန်းများတွင်လည်းအမျိုးသမီးများပါဝင်စေပြီး လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အမျိုးသား အမျိုးသမီး လုပ်ခလစာ တန်းတူပေးရန် လိုအပ်နေ ပါသေးသည်။

ကျေးရွာသူ၊ ကျေးရွာသားများပင့်ကူအိမ်သုံးသပ်ချက်ပြဇယားရေးဆွဲနေပုံ



## (င) အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား



## အဖွဲ့အစည်းချိတ်ဆက်မှုပြပုံစံ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။ ဖောင်ချဉ်း(မြောက်) ရက်စွဲ။ ။၉. ၁၁. ၁၇

ဖောင်ချဉ်းမြောက်ကျေးရွာအတွင်းအဖွဲ့အစည်း (၉)ခုရှိပါသည်။ အုပ်ချုပ်ရေးမှူးအဖွဲ့၊ လမ်းကော်မတီအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ ဂေါပကအဖွဲ့၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့၊ အရံမီးသတ်အဖွဲ့၊ Pact Myanmar, CAD , လူထုဗဟိုပြုစီမံကိန်းအဖွဲ့တို့ဖြစ်ပါသည်။

အုပ်ချုပ်ရေးမှူးအဖွဲ့၊လမ်းကော်မတီအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့ တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများလုပ်ဆောင်ကြပါသည်။ ဂေါပကအဖွဲ့၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့တို့သည် ရပ်ရေးရွာရေး လုပ်ငန်းများလုပ်ကိုင်ကြပါသည်။

လူထုဗဟိုပြုစီမံကိန်းအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျေးရွာလူထုနှင့် အတူပူးပေါင်းဆောင်ရွက်လုပ်ကိုင်ပါသည်။


ကျေးရွာအတွင်းမှ အဖွဲ့အစည်းများ ချိတ်ဆက်မှုအားမကောင်းသေးပါ။ အဖွဲ့အစည်းတိုင်းလိုလိုတွင် အမျိုးသမီးများပါဝင်မှုအားနည်းနေပါသည်။


ကျေးရွာဖွံ့ဖြိုးမှုအားနည်း၍ အဖွဲ့အစည်းသစ်များ ထပ်မံဖွဲ့စည်းရန် လိုအပ်နေပါသေးသည်။ ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့်လည်းချိတ်ဆက်မှုအားနည်းနေပါသေးသည်။ ကျေးရွာအတွင်းအဖွဲ့အစည်းများနှင့် ကျေးရွာပြင်ပ အဖွဲ့အစည်းများ ချိတ်ဆက်မှုအားကောင်းနေစေရန် လိုအပ်နေပါသေးသည်။

ကျေးရွာသူ၊ ကျေးရွာသားများအဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံရေးဆွဲနေပုံ



## (၈) အရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယား




ကျား/မ
မ
အပ်ချုပ်စက်
ဆိုင်ကယ်
စာသင်ကျောင်း
ဘုန်းကြီးကျောင်း
ရေတွင်း

# အရင်းအမြစ်သုံးစွဲမှုနှင့်ထိန်းချုပ်မှုပြဇယား ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။ ဖောင်ချဉ်း(မြောက်) ရက်စွဲ။ ။၉. ၁၁. ၂၀၁၇

အမျိုးသမီးများအများဆုံး အသုံးပြုသော အရင်းအမြစ်များမှာ အပ်ချုပ်စက်၊ မီးဖိုချောင်သုံးပစ္စည်း တို့ဖြစ်ပါသည်။

အမျိုးသားများအသုံးပြုသော အဆောက်အဦးလုပ်ငန်းများမှာ လယ်ထွန်စက်၊ နွားလှည်း၊ နွားစာစဉ်းစက်၊ တို့ဖြစ်ပါသည်။

အမျိုးသား၊အမျိုးသမီးအသုံးပြုသောပိုင်ဆိုင်မှုအဆောက်အဦးများမှာဘုန်းကြီးကျောင်း၊စာသင်ကျောင်း၊ ရေတွင်း၊ ကား၊ ဆိုင်ကယ်၊ တို့ဖြစ်ကြပါသည်။

အမျိုးသမီးများထိန်းချုပ်သော အရင်းအမြစ်များမှာ အပ်ချုပ်စက်တို့ဖြစ်ပါသည်။

အမျိုးသားများထိန်းချုပ်သော အရင်းအမြစ်များမှာ ကား၊ ဆိုင်ကယ်၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ယက်ကန်းစဉ်၊ နွားလှည်း၊ လယ်ထွန်စက်၊ ရေတွင်းတို့ဖြစ်ကြပါသည်။

အမျိုးသားများသည် အမျိုးသမီးများထက်ထိန်းချုပ်မှုပိုများနေပါသည်။ အမျိုးသားများထိန်းချုပ်သော အဆောက်အဦးလုပ်ငန်းများက အမျိုးသမီးများ ထိန်းချုပ်သော အဆောက်အဦးလုပ်ငန်းများထက် များနေရခြင်းမှာ အမျိုးသမီးများက ထုံးတမ်းအစဉ်လာအရ မှီခိုလိုစိတ်များနေခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုမရှိခြင်း၊ အမျိုးသားများက အမျိုးသမီးများအား နေရာမပေးခြင်းတို့ကြောင့် ဖြစ်ပါသည်။

အမျိုးသမီးများစွမ်းဆောင်ရည်မြင့်မားလာစေရန် အမျိုးသားများက အမျိုးသမီးများအား လက်တွဲခေါ်ယူသင့်ပါသည်။ ခေါင်းဆောင်ပိုင်းနေရာများတွင်လည်း အမျိုးသမီးများအားနေရာပေးသင့်ပါသည်။

ကျေးရွာသူ၊ ကျေးရွာသားများအရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယားရေးဆွဲနေပုံ



## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ






# ၈။ ကျေးရွာအချက်အလက်( ပုံစံ-၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး [illegible] | ၀၉ - [illegible] | ဦး [illegible] |

| ပြည်နယ်၊တိုင်းဒေသကြီး [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] (ခ) |
|---|---|---|---|

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ---- | ၁၆၀ | ဘာသာ (၁) ဗုဒ္ဓ------ | ၁၆၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၅ယောက် | ဗုဒ္ဓ | ၅ယောက် |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၅၁ယောက် | ဗုဒ္ဓ | ၅၁ယောက် |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)-ဗုဒ္ဓ----- | ၃၈၂ယောက် | ၃၉၃ယောက် |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၂၅ စု | ၃၅ စု |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း **မြေသားလမ်း** လူသွားလမ်း အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/**မရှိပါ**/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် --------- /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၂----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၂၅ မိနစ် --- **ထော်လာဂျီ**/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်--- ၄၀ မိနစ် --------- **ထော်လာဂျီ**/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) Pact Myanmar

(၂) [illegible]

CAD

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးကျော်အေး

လက်မှတ် [signature] နေ့စွဲ ၉.၁၁.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဦးငွေလင်းထွန်း

လက်မှတ် [signature] နေ့စွဲ ၉.၁၁.၂၀၁၇

## ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား ( ပုံစံ-၂)

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

*လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး [illegible]

နေ့စွဲ ၉.၁၁.၂၀၁၇

စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄)

ပြည်နယ်/တိုင်း [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု ရည်သာ | ကျေးရွာ [illegible]

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၉.၁၁.၁၇ | ၉.၁၁.၁၇ | ၄၇ | ၇၇ | ၉၈ | ဗမာ | ၁၀၀ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၉.၁၁.၁၇ | ၉.၁၁.၁၇ | ၄၇ | ၇၇ | ၉၈ | ဗမာ | ၁၀၀ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၀.၁၁.၁၇ | ၁၀.၁၁.၁၇ | ၉ | ၂ | ၁၁ | ဗမာ | ၁၁ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

*လမ်းညွှန်ချက်။* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | |
|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးမြလာစံထွန်း | | |
| နေ့စွဲ ၉.၁၁.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း မကွေး | မြို့နယ် [illegible] ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] (၁၀) |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျန်းမာရေး စောင့်ရှောက်မှု နည်း | ၁ | ရွာတွင်းလမ်းများ မိုးရာသီ ဗွက်ထ |
| ၂ | ရွာပြင်လမ်းများ မကောင်း၍ သွားရခက် | ၂ | လက်တစ်ကမ်းတွင် ကျန်းမာရေး စောင့်ရှောက်မှု မရှိ |
| ၃ | ကျောင်းသားများ အားကစား ဖွံ့ဖြိုးမှုနည်း | ၃ | ရွာပြင်လမ်းများ ကျောင်းသားများ ဖြတ်ကျော်ရ ခက်ခဲ |
| ၄ | | ၄ | အရေးပေါ်လိုအပ်ချက် မြို့သို့ သွားရ ခက်ခဲ |
| ၅ | | ၅ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျန်းမာရေး စောင့်ရှောက်မှု ရှိ | ၁ | ရွာတွင်းလမ်းများ ၁၂ရာသီ ကောင်းမွန်ရှိ |
| ၂ | ရွာပြင်လမ်းများ ကောင်းမွန်ရှိ | ၂ | လက်တစ်ကမ်းတွင် ကျန်းမာရေး စောင့်ရှောက်မှု ရှိ |
| ၃ | ကလေးများ အားကစား ဖွံ့ဖြိုးမှုရှိ | ၃ | ရွာပြင်လမ်းများ ကောင်းမွန်ရှိ |
| ၄ | | ၄ | အရေးပေါ် မြို့သို့ သွားရလွယ်ကူ |
| ၅ | | ၅ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် **အကျုံးဝင်သော** ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း ပြုပြင်ခြင်း | မ | ၁၅,၀၀၀,၀၀၀ | ၇၇၅ |
| ၂ | ရွာပြင်လမ်း ပြုပြင်ခြင်း | ကျား၊မ | ၁၄,၀၀၀,၀၀၀ | ၁၅၀၀ |
| ၃ | ဆေးပေးခန်း ဆောက်ရန် | ကျား၊မ | ၂၅,၀၀၀,၀၀၀ | ၇၇၅ |
| ၄ | | | | |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် **အကျုံးမဝင်သော** ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး | အဆိုပြုသူ (အမျိုးသားများ/ | အခန်းကဏ္ဍ |
|---|---|---|---|

| | တိုးတက်မှု လုပ်ငန်းစဉ်များ | အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | |
|---|---|---|---|
| ၁ | အသားကောင်းကျွဲ | ကျား - | |
| ၂ | ပရဟိတကား | ၆ | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးမိုးသီ လက်မှတ် [signature] နေ့စွဲ ၆,၁၁,၂၀၁၇

## ၁၁။အစည်းအဝေးမှတ်တမ်းများ

## အစည်းအဝေးမှတ်တမ်း

အကြောင်းအရာ။ ။ စီမံကိန်းမိတ်ဆက်အစည်းအဝေး

ကျေးရွာအမည် ။ ။ဖောင်ချဉ်းမြောက်ကျေးရွာ ရက်စွဲ။ ။၉. ၁၁. ၂၀၁၇

အုပ်စု ။ ။ စည်သာအုပ်စု

လူဦးရေ ။ ။ ကျား-၄၅ မ-၅၅= စုစုပေါင်း-၁၀၀ ဦး

အိမ်ထောင်စု ။ ။၉၈ခု

အစည်းအဝေးစတင်ချိန် 12:00 PM

### 12:00to12:10PMဖောင်ချဉ်းမြောက်ကျေးရွာရာအိမ်မှူးဦးကျော်အေးမှအဖွင့်အမှာစကားပြောကြားခြင်း

ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် စည်းစည်းလုံးလုံးနှင့်ကျေးရွာလူထုက အစည်းအဝေးပြီးဆုံးသည်ထိ တတ်ရောက်ရန် တတ်တတ်ကြွကြွပူးပေါင်း ပါဝင်ရန်ပြောကြား။ ကျေးရွာ၏အမှန်တစ်ကယ်လိုအပ်ချက်များကို ကျေးရွာလူထုမှ ပူပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန် အမှာစကားပြောကြား။ မိမိတို့လိုအပ်ချက်ကို သေချာစဉ်းစားပြီး အကောင်းဆုံးဖော်ထုတ် ပေးကြရန်တိုက်တွန်းပြောကြားခဲ့ပါသည်။

### 12:11 to 12:35 PM လူထုစည်းရုံးရေးမှူး ဦးငွေလင်းထွန်း မှ စီမံကိန်း မိတ်ဆက်အကြောင်းရှင်းလင်းပြောကြား

စီမံကိန်းမိတ်ဆက် ၁၅ချက်ကိုအသေးစိတ် ရှင်းလင်းပြသ၊ပြောဆိုခဲ့ပါသည်။ ပထမနှစ်စက်ဝန်းမှာလည်း လုပ်ကိုင်ပြီးသည်ဖြစ်သည့်အတွက် အတွေ့အကြုံများရှိလာပြီဖြစ်သည့်အတွက် ကျေးရွာလူထုမှ အဓိက ပူပေါင်းပါဝင်လုပ်ဆောင်ကြရန် နှင့်တတ်တတ်ကြွကြွပွင့်လင်းမြင်သာမှုရှိစွာဆောင်ရွက်ကြရန် ပြောကြား။ အနှစ်ချုပ်အနေဖြင့် မရှင်းလင်းသည်များကို ကျေးရွာလူထုမှ မေးမြန်းကြရန်ပြောကြား။

### 12:36 to 12:50 PM စီမံကိန်းစက်ဝန်းအကြောင်းကို ဦးငွေလင်းထွန်းမှ ရှင်းလင်းပြောကြား

စက်ဝန်းတစ်ပါတ်လည်သလို စီမံကိန်းမှာလည်း တစ်ပါတ်လည်သွားပြီးဖြစ်သည့်အတွက် ဒုတိယနှစ် စီမံကိန်းစက်ဝန်းသို့ရောက်လာပြီးဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ယခုနှစ်စီမံကိန်းစက်ဝန်းတစ်လျှောက်လုံးကို လည်း ကျေးရွာလူထုမှ အဓိက လုပ်ဆောင်သွားရမည်ဖြစ်ကြောင်းဆွေးနွေးခဲ့ပါသည်။ ဒုတိယနှစ်စက်ဝန်း မှာလည်း စီမံကိန်းမှာ အပိုင်း(၆)ပိုင်းနှင့် အဆင့်(၁၄)ဆင့် တို့ရှိကြောင်းနှင့် ၄င်းတို့ကို အသေးစိတ် ထပ်မံ ရှင်းလင်းပြောကြားခဲ့ပါသည်။

### 12:51 to 1:05PMတာဝန်ရှိသူနှင့်တာဝန်ဝတ္တရားများအကြောင်းကိုဒေါ်ဌေးဌေးဦးမှ ရှင်းလင်းပြောကြား

စီမံကိန်းအတွင်းတာဝန်ရှိသူများနှင့် ၄င်းတို့၏တာဝန်ဝတ္တရားများအကြောင်းကို တစ်ခုချင်း အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပါသည်။ ပထမနှစ်စက်ဝန်းမှာ လုပ်ကိုင်ဆောင်ရွက်ပြီးသည် ဖြစ်သည့်အတွက် ကော်မတီဝင်များ အနေဖြင့် မိမိတို့၏ ရာထူးနှင့် တာဝန်များကို သိလောက်မည်ဖြစ်ကြောင်း မရှင်းလင်းသည်များ ရှိခဲ့လျှင် မေးမြန်းစေလိုကြောင်း ပြောဆိုဆွေးနွေးခဲ့ပါသည်။

ဦးငွေလင်းထွန်း၊ ဒေါ်ဌေးဌေးဦး၊ ဦးကောင်းမြတ်မျိုး တို့မှ စီမံကိန်းမိတ်ဆက်၊ စီမံကိန်းစက်ဝန်း၊ တာဝန်ရှိသူများနှင့် တာဝန်ဝတ္တရားများအကြောင်းကို အနှစ်ချုပ်ပြောကြားပြီး ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေးကြ၍ မရှင်းလင်းသည်များကို မေးမြန်းဖြေကြားခဲ့ပါသည်။

**1:06 to 1:15 PM** လူထုစည်းရုံးရေးမှူး ဒေါ်ဌေးဌေးဦးမှ ပထမနှစ်စက်ဝန်းမှ စေတနာ့ဝန်ထမ်းနှစ်ဦးကို ကျေးရွာလူထုမှဆက်လက်လုပ်ကိုင်စေလိုခြင်းရှိမရှိမေးမြန်းခဲ့ရာ ရွာလူထုမှ ဆက်လက်လုပ်ကိုင်ရန်သဘော တူညီကြပြီး ကာယကံရှင်များကို မေးမြန်းခဲ့ရာ ဆက်လက်လုပ်ကိုင်မည်ဟုသဘောတူညီသောကြောင့် စေတနာ့ဝန်ထမ်းအမျိုးသား ဦးတင်လင်းနှင့်အမျိုးသမီးစေတနာ့ဝန်ထမ်းဒေါ်ကြည်သိန်းတို့အား ပြန်လည် အတည်ပြုခန့်အပ်ခဲ့ပါသည်။

## 1:17 PM လူမှုဆန်းစစ်ခြင်း လုပ်ငန်းများကို အဖွဲ့ခွဲ၍ လုပ်ဆောင်

လူမှုအရင်းအမြစ်ပြမြေပုံ နှင့် ဥစ္စာခနက္ခွယ်ဝမှုဇယားအကြောင်းကို ဦးငွေလင်းထွန်း မှ ရွာသူရွာသားများနှင့်အတူ ကျေးရွာ၏မြေပုံကိုပြန်လည်ပြသ၍ရွာအတွင်းရှိ နေအိမ်အဆောက်အဦး အခြေခံအဆောက်အဦးများကို ပြန်လည်အတည်ပြုမေးမြန်းရေးဆွဲခြင်း နောက် (၅)နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးကို မည်ကဲ့သို့ ထပ်မံစိတ်ကူးပုံဖော်ထားကြောင်း နှင့် လိုအပ်သည်များကို ကျေးရွာလူထုမှတင်ပြ၍ မြေပုံအတွင်းထည့်သွင်း ဖြည့်စွက်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။ ဥစ္စာခန ကြွယ်ဝမှုမှ ကျေးရွာအတွင်း လူမှုလူတန်းစား အဆင့်(၄)မျိုးမှာလည်း ပြောင်းလဲလာမှုရှိမရှိမေးမြန်းခဲ့ရာ ပြောင်းလဲမှုမရှိသေးသည့်အတွက် ယမန်နှစ်မှ အကြောင်းအရာများအားပြန်လည်အတည်ပြု မေးမြန်းဆွေးနွေးခဲ့ကြပါသည်။ ဆင်းရဲသူလူတန်းစားများ နည်းပါးလာစေရန်စက်မှုလက်မှုသင်တန်းများနှင့် ဝင်ငွေရရှိစေရန်အလုပ်ရုံများဖွင့်လှစ်စေချင်ကြောင်းပြောကြခဲ့ပါသည်။

ပင့်ကူအိမ်သုံးသပ်ခြင်းနှင့် ပိုင်ဆိုင်မှုသုံးသပ်ခြင်းအကြောင်းကို ဒေါ်ဌေးဌေးဦးမှ ရွာသူရွာသားများနှင့်အတူ ပင့်ကူအိမ်သုံးသပ်ချက်အားပြန်လည် ဆွေးနွေးခဲ့ရာအမျိုးသား၊အမျိုးသမီး အခွင့်အရေး၊ ဦးဆောင်နိုင်မှု၊ ဝင်ငွေရရှိမှု အလုပ်အကိုင်အခွင့်အလမ်းတို့မှာအမျိုးသား၊အမျိုးသမီး တန်းတူအခွင့်အရေးရှိမရှိ မေးမြန်းပြောဆိုပြီး တန်းတူအခွင့်မရရှိသေးသည့်အကြောင်း စီမံကိန်းကာလမှာပင် တန်းတူအခွင့်အရေးအရေးရကြောင်း ကျန်ကာလများမှာ မပြောင်းလဲသေးကြောင်း ပြောင်းလဲရန်မှာ အချိန်ယူရမည်ဖြစ်ကြောင်း ပြောဆိုခဲ့ကြပါသည်။ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုများမှာ အမျိုးသားများက အမျိုးသမီးများထက် ပိုင်ဆိုင်မှု ထိန်းချုပ်မှုများ နေတုန်းပင် ရှိသေးကြောင်း အနည်းငယ်တော့ ပြောင်းလဲလာပြီဖြစ်ကြောင်းပြောဆိုဆွေးနွေးကြပါသည်။

ရာသီခွင်ပြပြက္ခဒိန်နှင့်အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံအကြောင်းကိုဦးကောင်းမြတ်မျိုး မှရွာသူရွာသား များနှင့်အတူ ၁၂ ရာသီအတွင်း ကျေးရွာတွင် ဖြစ်ပျက်နေသည့် ရာသီဥတုအခြေအနေ၊ စိုက်ပျိုးသီးနှံ၊ ရာသီပွဲတော်၊ သောက်သုံးရေ၊ ဝင်ငွေရရှိမှု၊ သဘာဝဘေးအန္တရာယ်၊ အစားအစာဖူလုံမှု၊ ကျန်းမာရေး၊ အခြေအနေတို့ကို ပြန်လည်အတည်ပြုမေးမြန်းဖော်ထုတ်ခဲ့ရာ ထူးထူးခြားခြားပြောင်းလဲမှုမရှိ သေးကြောင်းပြောဆိုဆွေးနွေးကြပါသည်။ ကျေးရွာအတွင်းအဖွဲ့အစည်းများ တိုးလာမှုရှိမရှိမေးမြန်းရာ လူထုဗဟိုပြုစီမံကန်းမှလွဲ၍ တစ်ခြားအဖွဲ့အစည်းများမရှိသေးကြောင်းအဖွဲ့အစည်းများအချင်းချင်းချိပ်ဆက်မှု ရှိလာပြီဖြစ်ကြောင်းပြောဆိုကြပါသည်။

လူမှု့ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များအကြောင်းကို ရွာသူ၊ရွာသားများနှင့် အနှစ်ချုပ် ပြန်လည်တင်ပြ ဆွေးနွေးပြီး အစည်းဝေးကိုအောင်မြင်စွာရုပ်သိမ်းခဲ့ပါသည်။

အစည်းအဝေးပြီးဆုံးချိန် **2:00 PM**

# အစည်းအဝေးမှတ်တမ်း

အကြောင်းအရာ။ ။ ဒုတိယအကြိမ်အစည်းအဝေး

ကျေးရွာအမည် ။ ။ ဖောင်ချဉ်းမြောက်ကျေးရွာ ရက်စွဲ။ ။၉. ၁၁. ၂၀၁၇

အုပ်စု ။ ။ စည်သာကျေးရွာ

လူဦးရေ ။ ။ ကျား-၄၅၊ မ- ၅၅= စုစုပေါင်း ၁၀၀ ဦး

အိမ်ထောင်စု ။ ။၉၈ခု

အစည်းအဝေးစတင်ချိန် 4:00 PM

**4:00to4:05 PM ဖောင်ချဉ်းမြောက်ကျေးရွာရာအိမ်မှူးဦးကျော်အေးမှအဖွင့်အမှာစကားပြောကြားခြင်း။**

နေ့လည်ပိုင်းမှပထမအကြိမ်အစည်းအဝေးတက်ရောက်သလို ညနေပိုင်းဒုတိယအကြိမ အစည်းအဝေး မှာလည်း ခုလိုစုံစုံညီညီ တက်ရောက်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း အစည်းအဝေးတွင် ပြီးစီးအောင် နားထောင်ပေးကြဖို့၊ လုပ်ငန်းရွေးချယ် ခြင်းနှင့် ကော်မတီများပြန်လည်အတည်ပြုရွေးချယ်ရာတွင်လည်း သေချာ ရွေးချယ်ကြရန်ပြောကြားခဲ့ပါသည်။

**4:07 to 4:15 PM** ဦးငွေလင်းထွန်း၊ ဒေါ်ငွေးငွေးဦး၊ ဦးကောင်းမြတ်မျိုး တို့မှ ပထမအကြိမ် အစည်းအဝေးမှ လူမှုဆန်းစစ်ချက် များအားပြန်လည်တင်ပြဆွေးနွေးမရှင်းလင်းသည်များ လိုအပ်ချက်များ ရှိပါက မေးမြန်းပြောဆိုကြရန်ပြောကြားပါသည်။

**4:17 PM**ဦးငွေလင်းထွန်း၊ဒေါ်ငွေးငွေးဦး၊ဦးကောင်းမြတ်မျိုး တို့မှကျေးရွာလူထုအားဦးစားပေးလုပ်ငန်းများ ရွေးချယ်ရာတွင်ကူညီ။

ဦးစားပေးလုပ်ငန်းများအားပြန်လည်အတည်ပြုရန်အမျိုးသား၊အမျိုးသမီးများ၏ပြဿနာအခက်အခဲများ၊ မျှော်မှန်းချက်များရှင်းပြ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ရွေးချယ်ခဲ့ရာပထမဦးစားပေးအနေဖြင့် ရွာတွင်းလမ်းများ ပြုပြင်ခြင်း၊ နံပါတ်(၂)ဦးစားပေး ရွာပြင်လမ်းပြုပြင်ခြင်း၊ နံပါတ်(၃)ဦးစားပေးဆေးခန်းနှင့်ဆရာ၊ဆရာမရရှိရေး၊ နံပါတ်(၄)ဦးစားပေးအားကစားကွင်း၊ နံပါတ်(၅)ဦးစားပေးပရဟိတကားဟူ၍ဦးစားပေးလုပ်ငန်းများထွက်ပေါ် လာခဲ့ပါသည်။

ဦးကောင်းမြတ်မျိုးမှ စီမံကိန်းအတွင်း အကျုံးဝင်သောလုပ်ငန်းများနှင့် အကျုံးမဝင်သောလုပ်ငန်းများ အကြောင်းရှင်းပြပြီး စီမံကိန်းလုပ်ငန်းလုပ်ကိုင်ရာတွင် လူမှုပန်ဝန်းကျင် အကာအကွယ်များ၊ သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ အကာအကွယ်များအကြောင်းတို့ ကိုရှင်းလင်းပြောကြားခဲ့ပါသည်။

ဦးငွေလင်းထွန်း၊ ဒေါ်ငွေးငွေးဦး၊ ဦးကောင်းမြတ်မျိုးတို့မှ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီများကို ပြန်လည်အတည်ပြုရွေးချယ်ခဲ့ကြရာ ကျေးရွာလူထုအား ပထမနှစ်စက်ဝန်းမှ ကော်မတီ ဝင်များအားထပ်မံခန့်အပ်ရန် သဘောတူမတူမေးမြန်းခဲ့ကြပါသည်။ ကျေးရွာလူထုမှ ပထမနှစ်စက်ဝန်းမှ ကော်မတီဝင်များ၏လုပ်ဆောင်ချက်များ မှန်ကန်တိကျမှုကို သဘောကျသဖြင့်၎င်းကော်မတီဝင်များအား ပြန်လည်ခန့်အပ်ရန်သဘောတူညီခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ကော်မတီဝင်များအား ပြန်လည်လုပ်ကိုင်လိုခြင်း ရှိမရှိကိုတစ်ဦးခြင်းမေးမြန်းခဲ့ရာ အားလုံးက ပြန်လည်လုပ်ကိုင်မည်ဟုသဘောတူကြသောကြောင့် ပထမနှစ် စက်ဝန်းမှ ကော်မတီဝင်များအားပြန်လည်အတည်ပြုခန့်အပ်ခဲ့ကြပါသည်။ထပ်မံ၍ဝယ်ယူရေးကော်မတီဝင် အဖြစ်ဒေါ်ညိုမြအားလည်းကောင်း၊လည်ပတ်ထိန်းသိမ်းရေးကော်မတီဝင်အဖြစ်ဒေါ်တင်ခိုင်အားလည်းကောင်း၊

စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဝင်အဖြစ်ဒေါ်ဝင်းရီအားလည်းကောင်း၊ ဝေဖန်အကြံပြုကိုယ်စားလှယ်အဖြစ် ဦးကျော်အေးအားလည်းကောင်းအဆိုပြုရွေးချယ်အင်အားဖြည့်ခဲ့ကြပါသည်။

အထက်ပါအကြောင်းအရာများအားလုံးကို ပြန်လည်အတည်ပြုသဘောတူအနှစ်ချုပ်ခဲ့ကြပြီးအစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြပါသည်။

အစည်းအဝေးပြီးဆုံးချိန် **4:45 PM**

ကျေးရွာလူထု မဲပေးရွေးချယ်ခဲ့သောဖောင်ချဉ်းမြောက်ရွာကော်မတီဝင်များစာရင်း

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဦးတင်လင်း | ကျေးရွာ စေတနာ့ဝန်ထမ်း |
| ၂ | ဒေါ်ကြည်သိန်း | ကျေးရွာ စေတနာ့ဝန်ထမ်း |
| ၃ | ဦးဖိုးသိ | စီ-ထောက်ဥက္ကဌ |
| ၄ | ဒေါ်ခင်မျိုးသက် | စီ-ထောက်ဥက္ကဌ |
| ၅ | ဦးငြိမ်းသောင် | ဝယ်ယူရေးဆပ်ကော်မတီဥက္ကဌ |
| ၆ | ဦးစိုးညွန့် | ဝယ်ယူရေးဆပ်ကော်မတီ |
| ၇ | ဒေါ်နှင်း | ဝယ်ယူရေးဆပ်ကော်မတီ |
| ၈ | ဒေါ်ညိုမြ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၉ | ဦးထွန်းညွန့် | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၀ | ဦးစောထွန်း | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၁ | ဒေါ်ကြည်မာတင် | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၂ | ဒေါ်တင်ခိုင် | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၃ | ဦးဝင်းလွင် | ကျေးရွာငွေစာရင်းကိုင် |
| ၁၄ | ဦးစိန်ရွှေ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၁၅ | ဦးမင်းမြိုင် | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၁၆ | ဒေါ်ဥ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၁၇ | ဒေါ်ဝင်းရီ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၁၈ | ဦးစိုးဦး | အကြံပြုတိုင်ကြားရေးတာဝန်ခံ |
| ၁၉ | ဦးကျော်အေး | အကြံပြုတိုင်ကြားရေးတာဝန်ခံ |
| ၂၀ | ဒေါ်သင်းခိုင် | အကြံပြုတိုင်ကြားရေးတာဝန်ခံ |

# ၁၂။ ကလေးအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | အဆင့် | လုပ်ငန်း | မည်သည့်ဦးစားပေးလဲ | လ/နှစ် | ကျေးရွာတာဝန်ခံ(သို့) အုပ်စု | ပြင်ပမှမည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း | ☐ ကျား<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၂ | ရွာပြင်လမ်းပြုပြင်ခြင်း | ☐ ကျား√<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၃ | | ☐ ကျား<br>☐ မ | | | |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေး | ၁ | | ☐ ကျား√<br>☐ မ | | | |
| | ၂ | | ☐ ကျား<br>☐ မ√ | | | |
| | ၃ | | ☐ ကျား<br>☐ မ | | | |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ဆေးပေးခန်း | ☐ ကျား√<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၂ | | ☐ ကျား<br>☐ မ | | | |
| | ၃ | | ☐ ကျား<br>☐ မ | | | |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| ပညာရေး | ၁ | | ☐ ကျား<br>☐ မ | | | |
| | ၂ | | ☐ ကျား<br>☐ မ | | | |
| | ၃ | | ☐ ကျား<br>☐ မ | | | |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| အခြား | ၁ | အားကစားကွင်း | ☐ ကျား√<br>☐ မ | | မရှိသေးပါ | မရှိသေးပါ |
| | ၂ | ပရဟိတကား | ☐ ကျား<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၃ | | ☐ ကျား<br>☐ မ | | | |

# ၁၃။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု(Checklist For VDP)

ထိန်းချုပ်သူ ရက်စွဲ- ရွာ- VDP ရက်စွဲ

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက် ရလဒ်)
- အမျိုးသား/ အမျိုးသမီး အဖွဲ့များ သဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများ စာရင်း ( အခြေခံ အဆောက်အဦ၊ အသက်မွေးမှု၊ ပညာရေး၊ လူမှုရေး ထိန်းသိမ်းမှု...)

နောက်ဆက်တွဲများ -

- လူမှုအကဲဖြတ်မှု စာရွက်စာတမ်းခါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ....
- ကျေးရွာစီမံကိန်း ရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏ အချက်အလက် ( PC1 ပုံစံ )
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုအကဲဖြတ်မှု အရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင် ပါဝင်သောလူဦးရေ ( အမျိုးသား/ အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက် -
- ပါဝင်သော လူဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း ( အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ခါတ်ပုံ၊ တိုင်းရင်းသား အနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့

- ○ လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီး အဖွဲ့အစည်းအဝေး၏ ရလဒ်အား ခွဲခြားပေးထားသလား
    - ▪ ရှိ
    - ▪ မရှိ
- ○ စီမံကိန်း အရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –

PRA နှင့် သက်ဆိုင်သော အခြား စီမံကိန်းအရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –